ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
အကောက်ခွန်ဦးစီးဌာန

# အကောက်ခွန်သတင်းလွှာ

အတွဲ ၃ ၊ အမှတ် ၁၀ ၂၀၁၈ ခုနှစ် ၊ ဇူလိုင်လ ၁ ရက်

## မြဝတီကုန်သွယ်ရေးဇုန်၌ မြန်မာအလိုအလျောက်ကုန်ပစ္စည်းရှင်းလင်းရေးစနစ် (MACCS System) စတင်ကျင့်သုံးခြင်းအခမ်းအနား ကျင်းပခြင်း



၂၀၁၈ ခုနှစ် ၊ ဇွန်လ (၅) ရက်နေ့ ၊ နံနက် (၀၉:၀၀) နာရီအချိန်တွင် မြဝတီကုန်သွယ်ရေးဇုန်၌ မြန်မာ အလိုအလျောက်ကုန်ပစ္စည်း ရှင်းလင်းရေးစနစ် (MACCS System) စတင်ကျင့်သုံးခြင်းအခမ်းအနား ကျင်းပခဲ့ရာ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထင် မှ ဖဲကြိုးဖြတ်ဖွင့်လှစ်၍ အဖွင့် အမှာစကား ပြောကြားခဲ့ပါသည်။

အခမ်းအနားသို့ ကရင်ပြည်နယ် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ၊ ပအိုဝ့် တိုင်းရင်းသားရေးရာဝန်ကြီး ၊ အကောက်ခွန်ဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန် သံအမတ်ကြီးနှင့်အဖွဲ့ ၊ NACCS Center မှ President CEO နှင့်အဖွဲ့ ၊ Vice President နှင့်အဖွဲ့ ၊ ခရိုင် အထွေထွေအုပ်ချုပ်ရေးမှူး ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ၊ နယ်စပ်ကုန်သည်ကြီးများ အသင်း ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ ၊ မြဝတီမြို့ အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ၊ အကောက်ခွန်ဦးစီးဌာနမှ အရာထမ်းနှင့် အမှုထမ်းများ တက်ရောက်ခဲ့ကြပါသည်။

# MACCS စနစ်အသုံးပြု၍ National Single Window အကောင်အထည်ဖော်ရန်နှင့် အကောက်ခွန်ဖွံ့ဖြိုးတိုးတက်ရန် နည်းပညာများ ပံ့ပိုးနိုင်ရေး (4th JCC Meeting) အစည်းအဝေး ကျင်းပခြင်း



၂၀၁၈ ခုနှစ် ၊ ဇွန် (၂၂) ရက်နေ့တွင် ရန်ကုန်မြို့ ၊ အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်) ၊ ဇေယျာသီဟ ခန်းမ၌ ကျင်းပပြုလုပ်သော MACCS စနစ် အသုံးပြု၍ National Single Window အကောင်အထည် ဖော်ရန်နှင့် နည်းပညာများ ပံ့ပိုးနိုင်ရေး ပူးပေါင်းဆောင်ရွက်မှုစီမံချက် (4th JCC Meeting ) ညှိနှိုင်းကော်မတီ အစည်းအဝေးသို့ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထင် တက်ရောက်ခဲ့ပါသည်။

အဆိုပါအစည်းအဝေးသို့ အကောက်ခွန်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ၊ ဒုတိယညွှန်ကြားရေးမှူး ချုပ် (၁) ၊ ညွှန်ကြားရေးမှူးများ ၊ လက်ထောက်ညွှန်ကြားရေးမှူးများ ၊ ဂျပန် JICA မှ တာဝန်ရှိပုဂ္ဂိုလ်များ ၊ ဂျပန် အကောက်ခွန်မှ တာဝန်ရှိပုဂ္ဂိုလ်များ နှင့် NTT Data မှ ကျွမ်းကျင်ပညာရှင်များ စုစုပေါင်း (၄၀) ဦး တက်ရောက်ခဲ့ကြပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၈ ခုနှစ် ၊ ဇွန်အတွင်း ခန့်မှန်းတန်ဖိုးကျပ် (၁၆၁၃.၄၁၈) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ၊ ဆိပ်ကမ်း ၊ အထူးကင်း ၊ ရန်ကုန်စာတိုက် နှင့် အကောက်ခွန် နယ်မြေဒေသအသီးသီးတို့တွင် တင်သွင်း/တင်ပို့ခွင့် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိဘဲ တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးရှာဖွေ တားဆီးအရေးယူမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇွန်လ (၁) ရက်နေ့ မှ (၃၀) ရက်နေ့ အထိ စုစုပေါင်း တားဆီး/ဖမ်းဆီးမှုမှာ (၃၄၉) မှု ဖြစ်ပြီး ခန့်မှန်းတန်ဖိုးမှာကျပ် (၁၆၁၃.၄၁၈) သန်းခန့်ဖြစ်ပါသည်။

## ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်



လေဆိပ်တားဆီးမှုအနေဖြင့် တားဆီးမှု (၆) မှုရှိ၍ ခန့်မှန်းတန်ဖိုးကျပ် (၅.၅) သန်းခန့်ရှိသည့် အနက် ၁၃-၆-၂၀၁၈ ရက်နေ့တွင်ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ SQ-998 , SF-8184 ဖြင့် စင်္ကာပူနိုင်ငံမှ ရန်ကုန်သို့ ဝင်ရောက်လာသည့် ဖိလစ်ပိုင်နိုင်ငံသားခရီးသည်ထံမှ စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်း မရှိသော iLO De40ult Network Settings , Mdl–HP , C/O -Singapore ၊ ခန့်မှန်းတန်ဖိုးကျပ် (၂.၁) သန်းခန့်အား တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၈ ခုနှစ် ၊ ဇွန်အတွင်း ခန့်မှန်းတန်ဖိုးကျပ် (၁၆၁၃.၄၁၈) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## ဆိပ်ကမ်း တားဆီး/ဖမ်းဆီးခြင်း







ဆိပ်ကမ်းတားဆီးမှုအနေဖြင့် တားဆီးမှု (၃) မှုရှိ၍ ခန့်မှန်းတန်ဖိုးကျပ် (၃၁၇.၃၈၉) သန်းခန့် ရှိသည့်အနက် ၁၃-၆-၂၀၁၈ ရက်နေ့တွင် MIP ဆိပ်ကမ်း၌ Advantage Trade Co., Ltd မှ တင်သွင်းလာသည့် Brand New Mini Excavator (7) U အား တာဝန်ကျ အကောက်ခွန်စစ်ဆေးရေး အဖွဲ့မှ စစ်ဆေးခဲ့ရာ VPA (၂၀) ရက်ဖြစ်သဖြင့် ခန့်မှန်းတန်ဖိုးကျပ် (၃၁၄.၆၅၆) သန်းခန့်အား တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၈ ခုနှစ် ၊ ဇွန်အတွင်း ခန့်မှန်းတန်ဖိုးကျပ် (၁၆၁၃.၄၁၈) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## နယ်မြေများတွင် တားဆီး/ဖမ်းဆီးခြင်း




နယ်မြေတားဆီးမှုအနေဖြင့် တားဆီးမှု (၃၄၁) မှုရှိ၍ စုစုပေါင်း ခန့်မှန်းတန်ဖိုးမှာ ကျပ် (၁၂၉၀.၅၂၉) သန်းခန့်ရှိသည့် အနက် ၂-၆-၂၀၁၈ ရက်နေ့တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်း စစ်ဆေးရေး အဖွဲ့မှ စစ်ဆေးမှုများဆောင်ရွက်စဉ် CANTER မော်တော်ယာဉ် (၁) စီး နှင့် ခရီးသည်တင် မော်တော်ယာဉ် (၁) စီးတို့အား စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် ပိတောက်ဓားရွေ (၅၄) တုံး (၂.၄၃၆၈) တန် ၊ တမလန်းဓားရွေ (၁၅) တုံး (၀.၃၄၅၂) တန် နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ် (၂) စီး ၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် (၅၈.၃၄၆) သန်းခန့်အား စစ်ဆေး တွေ့ရှိ၍ တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၈ ခုနှစ် ၊ ဇွန်အတွင်း ခန့်မှန်းတန်ဖိုးကျပ် (၁၆၁၃.၄၁၈) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## ထူးခြားဖမ်းဆီးမှု






ထူးခြားဖမ်းဆီးမှုအနေဖြင့် ၂၂-၆-၂၀၁၈ ရက်နေ့တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်း စစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများဆောင်ရွက်စဉ် AD VAN ယာဉ် (၁) စီးအား မသင်္ကာဖွယ် တွေ့ရှိ၍ စစ်ဆေးခဲ့ရာ ယာဉ်နောက်ထိုင်ခုံအောက်တွင် အံဝှက်ပြုလုပ်၍၎င်း၊ ယာဉ်၏ စပါယ်ယာဘီး အတွင်း သိုဝှက်၍၎င်း သယ်ဆောင်လာသော တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် ကျောက်စိမ်းဟုယူဆရသော ကျောက်တုံးဖြတ်စဆိုဒ်စုံ (၃၈၂)ကီလိုဂရမ်နှင့် ပစ္စည်းသယ်ဆောင် သည့်ယာဉ် (၁) စီး ၊ စုစုပေါင်းခန့်မှန်း တန်ဖိုးကျပ် (၂၂. ၁) သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၈ ခုနှစ် ၊ ဇွန်အတွင်း ခန့်မှန်းတန်ဖိုးကျပ် (၁၆၁၃.၄၁၈) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

**ထူးခြားဖမ်းဆီးမှု**







ထူးခြားဖမ်းဆီးမှုအနေဖြင့် ၃-၆-၂၀၁၈ ရက်နေ့တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများ ဆောင်ရွက်စဉ် ရာဘာသစ်တုံး (အစို) များ တင်ဆောင်ထားသည့် Hino Ranger (၆) ဘီးယာဉ်အား စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်း မရှိသည့် တရားမဝင် ကန့်သတ်ကုန်ပစ္စည်းဖြစ်သော Parijat Tobacco (ကွမ်းစားဆေး) (၁x၁၀x၃၀) (၃၀) အိတ် နှင့် ပစ္စည်းတင်ဆောင်သည့်ယာဉ် (၁) စီး ၊ စုစုပေါင်းခန့်မှန်း တန်ဖိုးကျပ် (၃၀) သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ပါသည်။

# မိုဘိုင်းဖုန်း ၊ ကွန်ပျူတာဆက်စပ်ပစ္စည်းများနှင့် သစ်တောထွက်ပစ္စည်းများ ဇွန်လအတွင်း တားဆီး/ဖမ်းဆီးအရေးယူမှု အခြေအနေ

| စဉ် | ပစ္စည်းအမျိုးအမည် | ရန်ကုန် အမှုတွဲပေါင်း | နယ်စပ် အမှုတွဲပေါင်း | အမှုတွဲ စုစုပေါင်း | ခန့်မှန်းတန်ဖိုး စုစုပေါင်း(ကျပ်) |
|---|---|---|---|---|---|
| ၁။ | မိုဘိုင်းဖုန်းနှင့် ဆက်စပ်ပစ္စည်းများ | - | ၃ မှု | ၃ မှု | ၂၅.၁၄၅ သန်း |
| ၂။ | ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ | - | ၁ မှု | ၁ မှု | ၁.၁၅၂ သန်း |
| ၃။ | သစ်တောထွက် ပစ္စည်းများ | - | ၆ မှု | ၆ မှု | ၁၈.၉၁၄ သန်း |
| | စုစုပေါင်း | - | ၁၀ မှု | ၁၀ မှု | ၄၅.၂၁၁ သန်း |

အကောက်ခွန်ဦးစီးဌာနမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း (၁-၄-၂၀၁၈) ရက်နေ့ မှ (၃၀-၆-၂၀၁၈) ရက်နေ့အထိ မိုဘိုင်းဖုန်းနှင့်ဆက်စပ်ပစ္စည်းများ ၊ ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများနှင့် သစ်တောထွက်ပစ္စည်းများ တားဆီး/ဖမ်းဆီးမှု (၄၆) မှု ၊ ခန့်မှန်းတန်ဖိုးကျပ်သန်းပေါင်း(၂၈၁.၇၁၈) သန်းခန့်အား တားဆီးခဲ့ပြီးအရေးယူဆောင်ရွက်နိုင်ခဲ့ပါသည်။

# ပြည်သူ့ဘဏ္ဍာသိမ်းဆည်းပြီး ထုခွဲအဆင့် စားသောက်ကုန်များ ၊ သကြားများ နှင့် လျှပ်စစ်ပစ္စည်းများအား အိတ်ပိတ်တင်ဒါစနစ်ဖြင့် ရောင်းချခြင်း



စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ၊ အကောက်ခွန်ဦးစီးဌာနမှ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသော စားသောက်ကုန်ပစ္စည်းများ ၊ သကြားများနှင့် လျှပ်စစ်ပစ္စည်းများအား (၂၀-၆-၂၀၁၈) ရက်နေ့ တွင် အိတ်ပိတ်တင်ဒါစနစ်ဖြင့်ရောင်းချခြင်းကို ထောက်ပံ့ရေးနှင့်ပို့ဆောင်ရေးဌာနခွဲ ၊ ညွှန်ကြားရေးမှူး ဦးနေလင်း မှ ဥက္ကဋ္ဌအဖြစ် ပါဝင်သော တင်ဒါရောင်းချရေးအဖွဲ့ဖြင့် တင်ဒါအုပ်စု (၂) စု အားဈေးပြိုင် ရောင်းချခဲ့ရာ စုစုပေါင်းကျပ် (၁၂၂.၁) သန်းရရှိခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန ၊ ဆက်ဆံရေးဌာနစိတ်တွင် အကောက်ခွန်ဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ မေးမြန်းချက်များအပေါ် ဆွေးနွေးဖြေကြားချက်များ

ရေခဲသေတ္တာ (အဟောင်း) များ တင်သွင်းရာတွင် လိုင်စင် လို/မလို မေးမြန်းခဲ့ရာ လိုင်စင် မလိုအပ်ကြောင်း ပြန်လည်ဖြေကြား ခဲ့ပါသည်။







Handset များ တင်သွင်းလိုပါသဖြင့် လိုင်စင် လို/မလို ၊ နှင့် Duty Rate အားမေးမြန်းရာ လိုင်စင်မလိုအပ်ကြောင်း ၊ အကောက်ခွန် 5% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင် ဝင်ငွေခွန် 2% ဖြစ်ကြောင်းဖြေကြားခဲ့ပါသည်။




Generator များ တင်သွင်းလိုပါသဖြင့် လိုင်စင် လို/မလို ၊ နှင့် Duty Rate အားမေးမြန်းရာ လိုင်စင်မလိုအပ်ကြောင်း ၊ အကောက်ခွန် 3% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင် ဝင်ငွေခွန် 2% ဖြစ်ကြောင်းဖြေကြားခဲ့ ပါသည်။





Energy Drink များ တင်သွင်းလိုပါသဖြင့် H.S Code နှင့် Duty Rate အားမေးမြန်းရာ H.S Code မှာ 2202.10.90 ၊ အကောက်ခွန် 10% ၊ ကုန်သွယ်လုပ်ငန်း ခွန် 5% နှင့် ကြိုတင် ဝင်ငွေခွန် 2% ဖြစ်ကြောင်းဖြေကြားခဲ့ ပါသည်။

# အကောက်ခွန်ဦးစီးဌာန ၊ ဆက်ဆံရေးဌာနစိတ်တွင် အကောက်ခွန်ဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ မေးမြန်းချက်များအပေါ် ဆွေးနွေးဖြေကြားချက်များ




သံချောင်းများ တင်သွင်းလိုပါသဖြင့် လိုင်စင် လို/မလို ၊ နှင့် Duty Rate အားမေးမြန်းရာ လိုင်စင်မလိုအပ်ကြောင်း ၊ အကောက်ခွန် 3% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင် ဝင်ငွေခွန် 2% ဖြစ်ကြောင်းဖြေကြားခဲ့ပါသည်။




Sorting Machine များ တင်သွင်းလိုပါသဖြင့် လိုင်စင် လို/မလို ၊ နှင့် Duty Rate အားမေးမြန်းရာ လိုင်စင်မလိုအပ်ကြောင်း ၊ အကောက်ခွန် 3% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင် ဝင်ငွေခွန် 2% ဖြစ်ကြောင်းဖြေကြားခဲ့ ပါသည်။




မြန်မာနိုင်ငံသို့ USD သယ်ဆောင်လာလျှင် မည်သည့် အထောက်အထား စာရွက်စာတမ်း လိုအပ်ကြောင်းမေးမြန်းခဲ့ရာ လေဆိပ်အကောက်ခွန်ကောင်တာတွင် FED Form ဖြင့် ပါလာသည့် ငွေကြေးအား ကြေညာရကြောင်း ပြန်လည်ဖြေကြား ခဲ့ပါသည်။




Printing Machine များ တင်သွင်းလိုပါသဖြင့် လိုင်စင် လို/မလို ၊ နှင့် Duty Rate အားမေးမြန်းရာ လိုင်စင်မလိုအပ် ကြောင်း ၊ အကောက်ခွန် 3% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင် ဝင်ငွေခွန် 2% ဖြစ်ကြောင်းဖြေကြားခဲ့ပါသည်။